.com SAMPLE BOOK



မယ်လွင့်

# The Stalker

mgyoe.com

mgyoe.com
SAMPLE BOOK



The Stalker([illegible]) 5000/-

2542979032623

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ဇူလိုင်လ၊ ၂၀၂၂ ခုနှစ်။ |
| အုပ်ရေ | - | ၂၀၀၀ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟန်၊ (၀၂၇၇၄) |
| | | တောင်ဇလပ်နီစာပေ |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက်၊ (၀၀၈၃၆) |
| မျက်နှာဖုံးပန်းချီ | - | ဓာတ |
| အတွင်းအပြင်အဆင်နှင့် | | |
| စာစစ် | - | ဇလပ်နီ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈ |
| တန်ဖိုး | - | ၅၀၀၀ ကျပ် |

၈၀၈.၈၄

မယ်လွင့်

The Stalken မယ်လွင့်၊ - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၂။

စာ-၂၂၁၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) The Stalker




mgyoe.com

mgyoe.com SAMPLE BOOK

# အမှာ

အကြာကြီး စောင့်ခဲ့ကြရတယ် မဟုတ်လား။ ကျမ ကိုယ်တိုင်လည်း နိုင်ငံ အလုပ်အရွေ့မှာ ငြိမ်သက်သွားတဲ့ ဆွေရည် ပြန်နိုးထလာဖို့ အကြာကြီး စောင့်ခဲ့ရပါတယ်။ အခုတော့ အားလုံး လက်ထဲကို အရောက် ပို့နိုင်ခဲ့ပြီလို့ ဆိုရမှာပေါ့။

The Stalker ဟာ ကျမ ရေးနေကျ ပုံစံ လုံးဝ မဟုတ်ခဲ့ပါဘူး။ ဒီအတွက် အများကြီး အားစိုက်ခဲ့ရပါတယ်။ ဒီစာအုပ်ထဲမှာ Incestuous လို့ ခေါ်တဲ့ သွေးသားရင်း စပ်ယှက်မှုတွေ၊ Psychological အပြုအမူတွေ၊ အသုံးအနှုန်းတွေ အနည်းငယ် ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီစာအုပ်ဟာ ကျမ အရင်ရေးနေကျတွေလို အသက်အရွယ် အပိုင်းအခြားနဲ့ ရည်ရွယ် ရေးတာ မဟုတ်လို့ တတ်နိုင်သမျှတော့ အများကြီး ထိန်းကွပ်ရှောင်ရှား ရေးသားထားပါတယ်။

မယ်လွင့်ရဲ့ အရသာ နောက်တစ်မျိုးပေါ့လေ။

ခံစားကြည့်ပေးကြပါဦး။

ချစ်ခင်လျက်
မယ်လွင့်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း — ၁

mgyoe.com

mgyoe.com SAMPLE BOOK

# တီတီ (သို့မဟုတ်) မြတခက်

mgyoe.com

mgyoe.com SAMPLE BOOK

"အန်ကယ်ဟာ တီတီ့ကို သိပ်ချစ်တာပဲ..."

အဲဒီလို စကားတွေ ကြားရတိုင်း အန်ကယ်ဟာ သူ့ရဲ့ မျက်လုံး တောက်တောက်ကလေးတွေ မှိတ်ကျတဲ့အထိ ပြုံးသွားတတ်တယ်။ အန်ကယ့်အပြုံးတွေဟာ မချိတင်ကဲ နိုင်လွန်းတယ်လို့ ဆွေရည် မခံစားတတ်ခဲ့မိသေးသမျှပေါ့။

တီတီ ဆိုတာက ဆွေရည်တို့ရဲ့ ဒေါ်လေးပေါ့။ အန်ကယ်က တော့ ဆွေရည်တို့နဲ့ ဘာမှ မတော်ပါဘူး။ အန်ကယ်ဟာ တီတီ့ရဲ့ ယောကျ်ား။ တီတီကတော့ ဆွေရည် ငယ်ငယ်ကလေးကတည်းက ကွယ်လွန်သွားခဲ့ပြီ။ တီတီ မရှိတော့ပေမယ့် အန်ကယ်ဟာ တီတီ့ရဲ့ မိဘဆွေမျိုးတွေကို သူ့ဆွေသူ့မျိုးလို ကြည့်ရှုစောင့်ရှောက်နေတုန်းပဲ။



mgyoe.com

mgyoe.com
SAMPLE BOOK


အန်ကယ်က ဖွားဖွားဆီကို နှစ်ပတ်တစ်ခါ၊ တစ်လတစ်ခါလောက် လာပြီး ခြေဆုပ်လက်နယ် ပြုလိုက်၊ အိမ်ရဲ့လိုအပ်ချက်တွေ ဖြည့်လိုက်၊ ဆွေရည်တို့ မောင်နှမ တတွေကို ထောက်ပံ့လိုက်နဲ့မို့ ဆွေရည်တို့ ဖွားဖွားဟာ ဆိုရင်လည်း သူ့သမက် အန်ကယ်ကို အင်မတန့်ကို ချစ်ရှာတယ်။

အန်ကယ်က အိမ်ကို ရောက်လာတိုင်း မြကလေးကို ချီပိုးလို့ ဆွေရည်တို့ကို အမြဲတမ်း ပုံပြင်လေး တစ်ပုဒ်ကို ပြောပြလေ့ရှိတယ်။ မရိုးစတမ်း အန်ကယ် ပြောတတ်တဲ့ ပုံပြင်ကတော့ တီတီ့အကြောင်းတွေပါပဲ။

တီတီဟာ အန်ကယ်တို့ ခေတ်မှာ သိပ်လှတဲ့ အငြိမ့်မင်းသမီးကလေးပါတဲ့။ မန္တလေးပန်တျာကျောင်းကနေ ဆင်းလာပြီး အငြိမ့်ကတဲ့ အလုပ်ကိုပဲ တစိုက်မတ်မတ် လုပ်ခဲ့တယ်။ တီတီတို့ ခေတ်မှာ အငြိမ့်ဟာ ဟိုးတုန်းကလောက် ခေတ်မကောင်းတော့ဘူး၊ ပွဲနေပွဲထိုင် လူတွေလောက်ပဲ တစ်ခါတစ်ရံ ငှားတတ်ကြတော့တာ။ လက်ဖက်ခြောက်ကုန်သည် ပွဲစားကြီးနဲ့ ပွဲကတော်ကြီးရဲ့ မျိုးရိုးကနေ ဆင်းသက်လာတဲ့ သမီးအငယ်ကလေး တီတီဟာ စီးပွားရှာစရာ မလိုဘဲ ဝါသနာပါရာ အလုပ်ကိုပဲ တစိုက်မတ်မတ် လုပ်ခွင့်ရခဲ့တယ်။

ဆွေရည်တို့ အိမ်ထဲမှာ တီတီ့ဓာတ်ပုံကလေးတွေ ရှိတယ်။ ဓာတ်ပုံတွေကတော့ ရှေးခေတ်အရောင် ဆိုပေမယ့် မှုန်တိမှုန်ဝါး ဓာတ်ပုံကလေးတွေထဲမှာတောင် တီတီဟာ သိပ်ကို လှနေခဲ့ပါတယ်။ ဆွေရည့် မေမေ့က ဆိုရင် သူလည်း တီတီလိုပဲ လှခဲ့ကြောင်း၊ နောက်ကျောကနေ ကြည့်ရင် တီတီနဲ့ သူ့ကို မိသားစုကတောင် မခွဲခြားနိုင်တဲ့ အကြောင်းလောက်တော့ ဝင်ဝင်ကြွားလေ့ ရှိတယ်။

ဆွေရည်က တီတီ့အစ်မရဲ့ သမီး...၊ ဆွေရည့်အသက် နှစ်နှစ်


mgyoe.com

mgyoe.com
SAMPLE BOOK


လောက် ရောက်တဲ့အခါမှာ ဆွေရည်တို့ ဖိုးဖိုးဟာ ရုတ်တရက် ကား မှောက်လို့ ကွယ်လွန်သွားပြီး မိသားစု စီးပွားရေးဟာလည်း တဟုန် ထိုးကို ခုန်ဆင်း ပြုတ်ကျသွားခဲ့တယ်။ ဆွေရည်တို့ အခု နေနေကြတဲ့ အိမ်ကြီးကနေ အကြွေးတွေနဲ့ ဆင်းကြရကာနီးမှာ အန်ကယ်ဟာ တီတီ့ကို လက်ထပ်ခဲ့ပါတယ်။ အဲဒီလို လက်ထပ်ခဲ့လို့လည်း အိမ်ရဲ့ အကြွေးတွေက ရုတ်တရက်ကြီး ပြန်ပြေလည်သွားခဲ့ရတယ်။

အန်ကယ်နဲ့ လက်ထပ်ပြီး အန်ကယ်နေတဲ့ အိမ်ကို လိုက် သွားရတဲ့ တီတီဟာ ဖွားဖွားရှိတဲ့ဆီကို သေသွားတဲ့အထိ လုံးဝ ပြန် မလာခဲ့ဘူးတဲ့လေ။ အကြွေးတွေကို တီတီက အိမ်ရောင်းပြီး ပေး ဆပ်ချင်ခဲ့ပေမယ့် ဖွားဖွားက တီတီ့ကို အန်ကယ်နဲ့ပဲ အတင်း လက်ထပ် ခိုင်းခဲ့တာကို စိတ်ဆိုးလို့တဲ့။ တီတီ ကွယ်လွန်ပြီးတဲ့နောက် တီတီ့ အကြောင်း ပြောတိုင်း အန်ကယ်ဟာ အမြဲတမ်း မျက်ရည်ဝဲလေ့ရှိတယ်။ တီတီကတော့ အန်ကယ့်ကို သိပ်မုန်းတာပဲတဲ့...။ အဲဒီစကားကို ကြား တိုင်း ဆွေရည်တို့ အမြဲတမ်း စိတ်မကောင်း ဖြစ်ရတယ်။

တီတီဟာ အန်ကယ့်ကို မချစ်ပေမယ့် အန်ကယ့်ဆီမှာ မင်းသမီးလေး တစ်ပါးလို နေရတယ် ဆိုတာကို ဆွေရည် သိတယ်။ ဆွေရည်တို့ ကျောင်းပိတ်ရက်တွေ သွားလည်တဲ့အခါ ခမ်းနားတဲ့ တီတီ တို့ အိမ်ကြီးကို သိပ်အားကျရတယ်။ ပြီးတော့ တီတီ့မှာ ရှိတဲ့ ကျောက် မျက် ရတနာကလေးတွေ၊ အဝတ်အထည် လှလှကလေးတွေ၊ အလှ ပြင် ပစ္စည်း အဆန်းအပြားတွေ...။ တစ်ဦးတည်းသောတူမ ဆွေရည့် ကိုလည်း တီတီက ချစ်တော့ သူ့ပစ္စည်း ဘယ်ဟာ ယူကိုင်ကိုင် ဘာမှ ပြောလေ့မရှိဘူး။ ရတနာတိုက်ပိုင်ရှင်ကို ခင်ပွန်းတော်ထားတဲ့ တီတီ့ အဖို့ လက်ဖျားမှာ ရွှေသီးနေခဲ့ပေမယ့် တီတီဟာ အမြဲတမ်း အန်ကယ့် ကို စိတ်ဆိုးနေခဲ့တယ်။ ဆွေရည်က ‘အန်ကယ့်ကို တီတီက ဘာလို့


mgyoe.com

mgyoe.com
SAMPLE BOOK


အမြဲစိတ်ဆိုးနေရတာလဲ' လို့ မေးတော့ 'အန်ကယ်ဟာ လူမဟုတ်ဘူး' လို့ တီတီက ဆွေရည့်ကို ပြန်ဖြေခဲ့တာကို ခြောက်နှစ်သမီး ဆွေရည်က နားမလည်နိုင်ခဲ့ပါဘူး။

အမြဲတမ်း အပြုံးအေးအေးလေးနဲ့ တီတီ ဘာပြောပြော ငြိမ်ခံတတ်တဲ့၊ ဆွေရည်တို့ အပေါ်မှာ နူးညံ့ပြီး လူမှုရေး၊ စီးပွားရေးက အစ ဘာမဆို လိုက်လျောဖြည့်ဆည်းပေးတတ်တဲ့ အန်ကယ့်ဆီမှာ တီတီ ပြောတဲ့ လူမဟုတ်ဘူး ဆိုတဲ့ ဘာအရိပ်အယောင်ကိုမှလည်း ဆွေရည် မတွေ့ခဲ့ဘူးလေ။ ဆွေရည့်အမြင်ရော ကျန်လူအားလုံးရဲ့ အမြင်မှာ တီတီကသာ အန်ကယ့်ကို အစဉ်အမြဲတမ်း ရန်လိုနေခဲ့တာ။

ဒါပေမဲ့ တီတီဟာ အန်ကယ့်ကို အချိန်အကြာကြီး စိတ်မဆိုးနိုင်ခဲ့ပါဘူး။ အန်ကယ့်ကို စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားတဲ့ တီတီ့ကို အရပ်ကူပါ၊ လူပိုင်းပါနဲ့ အန်ကယ်ဟာ အရူးကြီးလို လိုက်ရှာခဲ့တယ်။ လူတွေရော၊ ရဲတွေပါ အချိန်အတန်ကြာအောင် ရှာခဲ့ပေမယ့် အစရှာမရအောင် ပျောက်သွားတဲ့ တီတီဟာ အိမ်ပေါ်က ဆင်းပြီး တစ်လကြာတော့မှ သူ့ရဲ့အသက်မဲ့ ခန္ဓာကိုယ်ကို ကျုံးရေထဲမှာ ပြန်ရှာတွေ့ခဲ့ရတာမို့လို့ပါပဲ။ ရေထဲမှာ အချိန်ကြာသွားလို့ မမှတ်မိနိုင်တော့လောက်အောင်ရုပ်ပျက်ဆင်းပျက်ဖြစ်နေခဲ့ပေမယ့်ဝတ်သွားတဲ့အဝတ်အစားနဲ့ တီတီ့လက်ကမြလက်စွပ်ကြောင့်သာတီတီလို့လက်ခံလိုက်ကြရတယ်။ အိမ်ပေါ်က ဆင်းတော့ တီတီ ယူသွားတဲ့ မင်္ဂလာဦး မြဘယက်တွေနဲ့ ရွှေထည်တချို့ ပျောက်ဆုံးသွားတဲ့အတွက် တစ်စုံတစ်ယောက်ဟာ တီတီ့ဆီက ပစ္စည်းတွေကို ရယူဖို့ သတ်ပစ်လိုက်တယ်လို့ ရဲတွေက ကောက်ချက်ချခဲ့ကြပါတယ်။ အဲဒီနောက် တီတီ့ရဲ့ မြဘယက်ကို မိုးကုတ်မှာ သွားရောင်းစားခဲ့တဲ့ တီတီတို့ အငြိမ့်က လူရွှင်တော် ဦးကဆစ်သီးဟာ တီတီ့ကို သတ်တဲ့အမှုနဲ့ ထောင်ကျသွားခဲ့တယ်။ သူကတော့


mgyoe.com

mgyoe.com
SAMPLE BOOK


ဒီဘာယက်ကို တီတီက ပို့ပေးလိုက်တာ ဖြစ်တဲ့အကြောင်း ပြောပေးမယ့်
သူမှာ သက်သေပြစရာ မရှိခဲ့ပါဘူး။


mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း − ၂

mgyoe.com

mgyoe.com
SAMPLE BOOK

# မြကလေး (သို့မဟုတ်) မြသားလဲ့လဲ့

mgyoe.com

mgyoe.com SAMPLE BOOK

တီတီ ကွယ်လွန်ပြီး တစ်နှစ်ခွဲကြာတော့ မေမေက ဆွေရည့် ညီမလေးကို မွေးတယ်။ ညီမလေးဟာ ဆွေရည်နဲ့ ရှစ်နှစ်တောင်မှ ကွာတယ်။ ညီမလေးက သိပ်လှတာပဲ...။ ပြီးတော့ ညီမလေးရဲ့ လက်ခလယ်မှာ ဘဲဥပုံ အစိမ်းရောင် အမှတ်အသားတစ်ခု ပါလာတဲ့အတွက် ဆွေရည်တို့ တစ်အိမ်လုံးက ညီမလေးကို တီတီ ပြန်ဝင်စားတာလို့ သတ်မှတ်လိုက်ကြတယ်။ ညီမလေးရဲ့ လက်က အမှတ်ကလေးကို မြင်ရှာတော့ အန်ကယ်က 'ကျေးဇူးတင်ပါတယ် မြရယ်၊ ကျေးဇူးတင်ပါတယ်' လို့ မျက်ရည်ဝဲရင်း တတွတ်တွတ် ရေရွတ်နေခဲ့တယ်။ တီတီ ပြန်ဝင်စားသူလေးမို့ ညီမလေးရဲ့ နာမည်ကို တီတီ့နာမည် ပါအောင် 'မြသားလဲ့လဲ့' လို့ ပေးလိုက်ကြတယ်။ အန်ကယ်က ညီမလေးအတွက် သိပ်လှ



mgyoe.com

mgyoe.com
SAMPLE BOOK


တဲ့ မြေလက်စွပ်ကလေး တစ်ကွင်းကို လက်ဆောင်ပေးခဲ့ပါတယ်။

မြကလေးဟာ ကြီးပြင်းလာတာနဲ့အမျှ တီတီနဲ့ ပိုပြီး တူလာတယ်။ မတူ တူအောင်လည်း တစ်အိမ်လုံးက ဆင်ယင်ကြတယ်။ ဖေဖေက သူ့သမီးလေး လွတ်လွတ်လပ်လပ် နေပါစေလို့ ပြောတဲ့အခါ ဆွေရည်တို့ အဖွားက 'ငါ အိုကြီးအိုမနဲ့ ငါ့သမီးလေးရဲ့နေရာကို အစားထိုး လွမ်းလို့တောင် မရဘူးလား' က စလို့ 'ရှင်က ဆွေမရှိ၊ မျိုးမရှိ ဆိုတော့ မောင်နှမ၊ သားအမိ သံယောဇဉ်ကို ဘာသိမှာလဲ' လို့ မေမေ့ဆီက စကားနာ ထိုးတာနဲ့ အဆုံးသတ်တာချည်းပဲ။ အဲဒီအခါ ဖေဖေက တစ်ခုခုကို ဒေါသတကြီး ထိုးကြိတ်ပစ်ပြီး အိမ်ကနေ ထွက်သွားရတာချည်းပဲ။

ဖေဖေ ဘယ်လိုပဲ ဆန့်ကျင်ပါစေ၊ တစ်အိမ်လုံးရဲ့ ဆန္ဒနဲ့ လေးနှစ်သမီး မြကလေးဟာ မြတခက် ဖြစ်လာရတာပဲ။ တီတီ့လို ဆံပင်ရှည်အောင် ဖေဖေ့ပုဆိုးကြီးကို ခေါင်းမှာ စည်းလို့ တစ်အိမ်လုံးကို ကပြတတ်တယ်။ အန်ကယ်များ အိမ်ကို လာရင် အထူးစပါယ်ရှယ် အနေနဲ့ ထိုင်မသိမ်း အဖြူကလေး ဝတ်လို့ ငှက်မွေးယပ်တောင် အစိမ်းကလေး ခတ်ကာခတ်ကာနဲ့ ဖျော်ဖြေပေးရတတ်တယ်။

*"အစ်ကိုရှင်... အစ်ကိုရှင် နကိုယ်ယဉ်တဲ့ ရွှေစင်ညီနွဲ့ မြတခက်ကို လိုချင်ပါသလားရှင်... ကြိုတင်မှာထားချင်... ဖိမ်ခံအိမ်၊ ရွှေငွေမြရယ်နဲ့ ကားတစ်စီးမြန်းတောင် မလိုက်နိုင်ပေါင်ရှင့်..."*

မြကလေးဟာ တီတီ့ရဲ့ မိတ်ဆက်သီချင်းဖြစ်တဲ့ တစ်ခက်မြ ဆိုတဲ့ သီချင်းကို ဆိုပြီး တင်ကလေး ကောက်၊ ရင်ကလေး ချီ၊ မျက်စကလေး ဝင့်ကာဝင့်ကာနဲ့ တီတီ အသေးစားကလေးလို ကပြတတ်တယ်။ တစ်အိမ်လုံးက မြကလေးဟာ တီတီ ဝင်စားတယ်လို့ပဲ ပြောပြထားလေတော့ မြကလေးဟာ စိတ်လိုလက်ရ ရှိရင် သူ့ကိုယ်သူ


mgyoe.com

mgyoe.com
SAMPLE BOOK


တီတီ့ကိုယ်ပွားလို့ မှတ်ယူ ထင်မှတ်နေပြီး တီတီ့လို ဆိုဟယ်၊ ပြောဟယ် နဲ့ ရှိနေခဲ့တယ်။ မြကလေးဟာ ဖွားဖွားကို မေမေလို့ ခေါ်ပြီး ဆွေရည့် မေမေကိုကျ မမကြီးတဲ့၊ ဆွေရည့်ကိုကျ တီတီ ခေါ်ခဲ့သလို ရည်ရည်လေး ရေလို့ ခေါ်တယ်။ ဖွားဖွားတို့တတွေရဲ့ တီတီအဖြစ် ပုံသွင်းမှုကနေ ဖြစ် လာတဲ့ အဆိုးဝါးဆုံး အကျိုးဆက်ကတော့ မြကလေးဟာ အန်ကယ့် ကို ကိုကိုလို့ ခေါ်တတ်တာပါပဲ။ အန်ကယ်ဟာ မြကလေးက ကိုကို ခေါ် တိုင်း ဗျာဗျလို့ ပြုံးပြီး ထူးတတ်လေ့ရှိတယ်။ ပြီးရင် အန်ကယ်က မြကလေးကို ပေါင်ပေါ်တင်လို့ ဆွေရည်တို့ကို တီတီ့အကြောင်း၊ တီတီ့ ကို ဘယ်လို ပိုးခဲ့ရကြောင်း၊ တီတီက ဘာတွေ ကြိုက်ကြောင်း၊ အက ဘယ်လောက်တော်ကြောင်း မြကလေးကိုလည်း အရွယ်ရောက်လာ ရင် ပန်တျာကျောင်းကို ပို့ပေးမယ့် အကြောင်းတွေ စီကာပတ်ကုံး ပြောပြတော့တာပါပဲ။

ဖေဖေက ဆွေရည်တို့ အိမ်နဲ့ သိပ်ပြီး အစေးမကပ်လှတဲ့ အတွက် အိမ်မှာ မနေဘဲ သူ့အလုပ်ခန်း ရှိတဲ့ဆီမှာပဲ အနေများတယ်။ တစ်ခါတလေမှ အိမ်ကို ပြန်လာတတ်တဲ့ ဆွေရည်တို့ ဖေဖေကတော့ အန်ကယ် အိမ်ကို လာလည်တာနဲ့ ကြုံတိုင်း မနှစ်သက်ကြောင်းကို သိသိသာသာ ပြတတ်တယ်။ ဖေဖေ လာရင် အန်ကယ်ကလည်း အိမ် မှာ ကြာကြာမနေဘဲ ထပြန်တတ်တယ်။ ဖေဖေဟာ ဆွေရည့်ကိုတော့ ဘာသိဘာသာ ဆက်ဆံတတ်ပေမယ့် မြကလေးကိုတော့ ယုယုယယ ရှိတယ်။ ဖွားဖွားတို့က မြကလေးကို မြတခက်အဖြစ် ဝတ်ဆင်ကခုန် စေတိုင်းလည်း ဖေဖေက မကြိုက်တဲ့ အကြောင်းကို သိသိသာသာရော၊ မသိမသာပါ ပြပြီး မေမေနဲ့ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ရန်ဖြစ် လေ့ရှိတယ်။

ဒီလိုနဲ့ တစ်ရက်မှာတော့ အန်ကယ်ဟာ တစ်အိမ်သားလုံးကို


mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်မကောင်း ဖြစ်စေမယ့် သတင်းတစ်ခု ယူလာတယ်။ သူ နိုင်ငံခြားမှာ အခြေချဖို့ အပြီး ပြောင်းသွားတော့မယ်တဲ့။ ဆွေရည်တို့ ဖေဖေကို မန္တလေးက သူ့လုပ်ငန်း တချို့ကို လက်လွှဲပေးတဲ့အပြင် မြကလေး ကိုလည်း သူ့ရဲ့ အမွေစား အမွေခံအဖြစ် စာချုပ်စာတမ်းနဲ့ မွေးစားချင် တယ်လို့ ကမ်းလှမ်းခဲ့တယ်။ တီတီ ကွယ်လွန်ပြီးကတည်းက တစ်ကိုယ် တည်းနေတဲ့ အန်ကယ်က ကမ်းလှမ်းတော့ မြကလေးကို ပေးလိုက်ရ မယ် လို့ ထင်ပြီး ဖေဖေက သဘောမတူချင်ခဲ့ဘူး။ ဒါပေမဲ့ အန်ကယ်က မြ ကလေးကို သူ မွေးစားပေမယ့် သူနဲ့အတူ ခေါ်သွားမှာ မဟုတ်ဘဲ မြကလေးရဲ့ တစ်သက်စာ စရိတ်အတွက် မသွားခင်ကို သူ အစစ အရာရာ တာဝန်ယူပေးခဲ့ချင်တာ ဆိုတဲ့အတွက်ရော၊ မိသားစုရဲ့ တိုက် တွန်းမှုကြောင့်ရော လက်ခံလိုက်ရတယ်။ အန်ကယ်ဟာ မြကလေးနဲ့ ဆွေရည့်ကို လက်ဆောင်တွေ ပေးတယ်။ ပြီးတော့ မြကလေးကို မျက် ရည်တွေနဲ့ အကြာကြီး ဖက်ထားပြီးမှ ပြန်သွားတယ်။ အဲဒီနောက် တစ်လအကြာမှာ အန်ကယ်တစ်ယောက် နိုင်ငံခြားကို ထွက်သွားပြီလို့ ဖေဖေက ဆွေရည့်ကို ပြောပြခဲ့တယ်။

ဒါပေမဲ့ အန်ကယ် ထွက်သွားပြီး သုံးနှစ်အကြာ ဆွေရည်တို့ ဖွားဖွား ဆုံးတယ်။ ဖွားဖွားကို အသုဘချတဲ့ နေ့မှာပဲ မြကလေး ပျောက် သွားခဲ့တယ်။ ဖွားဖွားကို သုသာန်ပို့နေချိန်မှာ အိမ်မှာ ကျန်ခဲ့တဲ့သူတွေ က မြကလေး ဘယ်ကို ထွက်သွားလဲ ဆိုတာ မသိလိုက်ကြဘူး။ ခုနစ် နှစ်သမီးကလေးဟာ တစ်ယောက်တည်းနဲ့ ဘယ်ကိုများ လျှောက်သွား နိုင်မှာတဲ့လဲ။ တစ်မိသားစုလုံးဟာ ဖွားဖွား ကွယ်လွန်တာထက် မြ ကလေး ပျောက်သွားလို့ ခေါင်းမီးတွေ တောက်နေခဲ့ကြတယ်။ ဖေဖေက အန်ကယ် ရှိနေတဲ့ ဟောင်ကောင်ကို လှမ်းပြီး မြကလေး ပျောက်သွား တဲ့အကြောင်း စာလှမ်းရေးခဲ့တယ်။ နိုင်ငံခြားထွက်သွားပြီး သုံးနှစ်


mgyoe.com

mgyoe.com SAMPLE BOOK


အတွင်း အန်ကယ်နဲ့ အပြန်အလှန် စာအဆက်အသွယ် ရှိခဲ့ကြပေမယ့် မြကလေး ပျောက်သွားတဲ့ ကိစ္စအပေါ်မှာတော့ အန်ကယ့်ဆီက ပြန်စာ မလာခဲ့ပါဘူး။

ဆွေရည် အမြဲတမ်း မုန့်ပေးနေကျ ဈေးလမ်းထောင့်က စိတ်မနှံ့တဲ့ အဒေါ်ကြီးက ဆွေရည့်ကို ပြောတယ်...။ ဆွေရည်တို့ အိမ်ကို လာနေကျ လူက မြကလေးကို လာခေါ်သွားတာတဲ့။ သူ့ရဲ့ စုံနဖာစီ အိတ်ထဲကနေ မြကလေး ပြုတ်ကျကျန်ခဲ့တဲ့ ငှက်မွေးယပ်တောင် အစိမ်းကလေးကို ဆွေရည်တို့ ရှာတွေ့ခဲ့ကြတယ်။ ဒါပေမဲ့ လာနေကျ လူဟာ ဘယ်သူ ဆိုတာကိုတော့ ဆွေရည်တို့ မဖော်ထုတ်နိုင်ခဲ့ပါဘူး။ မြကလေး ပျောက်သွားခဲ့တာ နှစ်နှစ်ကျော်ကြာတဲ့အထိ ဘာသတင်းမှ မရခဲ့ကြတော့ တစ်မိသားစုလုံးဟာ စိတ်ထောင်းကိုယ်ကြေနဲ့ မြကလေး သတင်းကို မျှော်ရုံပဲ တတ်နိုင်ခဲ့ကြတယ်။

လွတ်ငြိမ်းချမ်းသာနဲ့ ထောင်က လွတ်လာတဲ့ ဦးကဆစ်သီး ဟာ ဆွေရည်တို့ မေမေ့ကို လာရှာတယ်။

"မမကြီးရယ် မြတခက်ကို ကျုပ် မသတ်ခဲ့ပါဘူး"တဲ့။

ဦးကဆစ်သီးကို မေမေတို့က မယုံကြပါဘူး။ သူတောင်းစား တစ်ယောက်လို ပြောဆိုနှင်ထုတ်လွှတ်လို့ ဦးကဆစ်သီး ပြန်သွားခဲ့ပါတယ်။ နောက်တစ်နေ့မှာ ဦးကဆစ်သီးဟာ မေမေတို့ အလစ်မှာ ခြံထဲကို စာတစ်စောင် လာပစ်ထားခဲ့တယ်။ စာထဲမှာ သူဟာ တီတို့ကို မသတ်ကြောင်း ရှင်းပြထားတဲ့အပြင် တီတို့လက်ရေးနဲ့ ရေးထားတဲ့ စာတချို့ကိုပါ ထည့်ပို့လာတယ်။ တီတို့စာတွေထဲက အကြောင်းအရာတွေဟာ တီတို့ကို သူ မသတ်ပါဘူးလို့ သက်သေ မပြနိုင်ပေမယ့် တီတီ မပျော်ရွှင်တဲ့ အကြောင်းကိုတော့ ကောင်းကောင်းကြီး ဖော်ပြနေတယ် ဆိုတာကို အရွယ်ရောက်လာတဲ့ ဆွေရည့်အနေနဲ့ နားလည်ပေးနိုင်ခဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


တယ်။ ဦးကဆစ်သီးရဲ့ စာကို မေမေတို့ကို မပြဘဲ ဆွေရည့်ဘာသာ ဦးကဆစ်သီးကို သွားရှာခဲ့တယ်။ ဦးကဆစ်သီး ပြောပြတာက တီတီ ဟာ အန်ကယ့်ဆီကနေ ထွက်ပြေးချင်တဲ့အကြောင်း မကြာခဏ ပြော တတ်တယ်တဲ့။ တီတီ မဆုံးခင် ရက်ပိုင်းက တီတီ့စာနဲ့အတူ တီတီဟာ အန်ကယ့်ဆီကနေ ထွက်ပြေးပြီး ရှမ်းပြည်ဘက်မှာ သွားနေမှာမို့လို့ ပိုက်ဆံ လိုတဲ့အကြောင်း၊ သူ့ရဲ့ မြဘယက်ကို ရောင်းပေးပါ ဆိုတဲ့ အကြောင်းကို မြဘယက်နဲ့အတူ ရလာလို့ သူ ကူညီခဲ့တာ ဆိုတဲ့ အကြောင်းကို ပြောပြတယ်။ ဒါပေမဲ့ ထူးဆန်းတာက တီတီ့လက်ရေးနဲ့ ပို့လိုက်တဲ့စာဟာ သူ အဖမ်းခံရပြီးတဲ့ နောက်မှာ လုံးဝကို ပျောက်သွား ခဲ့တာပါလို့ ရှင်းပြခဲ့ပြန်ပါတယ်။

ဆွေရည့်စိတ်ထဲမှာ အရာရာဟာ ဗွိဟာပါပဲ။ ဒီနိုင်ငံထဲမှာ မရှိ တော့တဲ့ အန်ကယ်ရယ်၊ အစ ရှာမရအောင် ပျောက်သွားတဲ့ မြကလေး ရယ်၊ အန်ကယ့်နားမှာ နည်းနည်းမှ မပျော်ခဲ့တဲ့ တီတီရယ်၊ လူ့အသိုင်း အဝိုင်း အပြင်ဘက် ရောက်နေတဲ့ လူသတ်သမား ဦးကဆစ်သီးရယ် ကို ဆက်စပ်နိုင်ဖို့ဟာ ဆယ့်ခြောက်နှစ်သမီးကလေး ဆွေရည်အဖို့ အတော့်ကိုခက်ခဲခဲ့ပါတယ်။တီတီ့ကိုဘယ်သူသတ်ပြီးမြကလေးကိုကျ ဘယ်သူကများ ခိုးယူသွားခဲ့တာတဲ့လဲ...။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း — ၃

mgyoe.com

mgyoe.com SAMPLE BOOK

# ဖေဖေ

mgyoe.com

mgyoe.com SAMPLE BOOK

နဂိုကတည်းက အေးတိအေးစက် ရှိလှတဲ့ ဖေဖေနဲ့ မေမေရဲ့ အိမ်ထောင်ရေးဟာ မြကလေး ပျောက်သွားပြီးတဲ့ နောက်မှာတော့ လုံးဝ အဆုံးသတ်ကို ရောက်သွားခဲ့ပါတယ်။ ဖေဖေနဲ့ မေမေဟာ တရားဝင် ကွာရှင်း ပြတ်စဲတာမျိုး မလုပ်ဖြစ်ခဲ့ကြပေမယ့် ဖေဖေက အိမ်ကို လုံးဝ ပြန်မလာတော့ဘဲ မေမေနဲ့ လူချင်း မတွေ့တာမျိုးတွေနဲ့ သူတို့ရဲ့ လင်မယား ဆက်ဆံရေးကို ရပ်စဲခဲ့ပါတယ်။

မေမေဟာ တစ်သက်လုံး မိသားစုနဲ့ပဲ အချိန်ကုန်တဲ့သူ ဆိုတော့ စီးပွားရေးက စလို့ ပြင်ပရဲ့ အရာရာကို သူ ဘာမှ မသိပါဘူး။ ဖေဖေဟာ အန်ကယ် တည်ထောင် ပေးခဲ့တဲ့ လုပ်ငန်းတွေကြောင့် စီးပွားရေးမှာ ပိုပြီး တောင့်တင်းသွားခဲ့ပေမယ့် မေမေ့ကိုတော့ ဘာ


mgyoe.com

တစ်ခုမှ ခွဲဝေပေးခဲ့တာမျိုး မရှိဘူး။ တက္ကသိုလ် တက်နေရပြီ ဖြစ်တဲ့ ဆွေရည့်အတွက်ကျောင်းစရိတ်နဲ့ အိမ်စရိတ်ကို လှမ်းပြီးထောက်ပံ့တာက လွဲရင် ဖေဖေဟာ ဆွေရည်နဲ့တောင် မတွေ့ဖြစ်လောက်အောင် အလုပ်များနေခဲ့တယ်။ မေမေ နေမကောင်းလို့ ဆေးရုံတင်ထားရတဲ့ တစ်ရက်မှာ ဆွေရည်က ဖေဖေ့ အလုပ်ကို လိုက်သွားတော့ ဖေဖေ့ဆီမှာ အလုပ်လုပ်နေတဲ့ ဦးကဆစ်သီးကို တွေ့ရတယ်။ အလုပ်အကိုင် မရှိတဲ့ ဦးကဆစ်သီးကို ဖေဖေက အလုပ်ခေါ်ပေးထားတာတဲ့။

နှစ်လခွဲလောက် တရှောင်ရှောင်နဲ့ တပိန်ပိန် တလိန်လိန် ဖြစ်နေခဲ့တဲ့ မေမေဟာ ဆေးရုံပေါ်မှာပဲ ရုတ်တရက်ကြီး ဆုံးပါးသွားခဲ့ပြန်ပါတယ်။ ဆွေရည့်အနားက မိသားစုဝင်တွေ ပုံစံအမျိုးမျိုးနဲ့ ဆုံးရှုံးရတဲ့အတွက် ဆွေရည်ကိုယ်တိုင်လည်း အသက်ဆက်ပြီး မရှင်ချင်လောက်အောင် စိတ်ကျန်းမာရေး ယိုယွင်းလာခဲ့တယ်။ အဲဒီနောက် ဆွေရည်ဟာ ဆရာဝန်နဲ့ ဆွေမျိုးတွေရဲ့ တိုက်တွန်းမှုနဲ့ ဆွေရည့်ဖေဖေ အိမ်ကို ပြောင်းနေဖြစ်ခဲ့တယ်။ ဖေဖေဟာ ဆွေရည် နေမကောင်းတဲ့ ရက်တွေမှာ ဆွေရည့်အနားမှာ ရှိနေပေးခဲ့တယ်။ အဲဒီကာလမှာ ဆွေရည်ဟာ ဆေးတွေ သောက်ရလို့ အမြဲတမ်း အိပ်ချင်မူးရီနဲ့ ရီဝေနေခဲ့တာ။ ဆွေရည့်အနားမှာ ရှိတာဆိုလို့ ဖေဖေရယ်၊ ဦးကဆစ်သီးရယ်ပါပဲ။ ထမင်းဟင်းချက်၊ အိမ်သန့်ရှင်းရေး ဘာကိုမဆို ဦးကဆစ်သီးဟာ ဝပ်ဝပ်ပြားပြားလုပ်ရှာပြီးဆွေရည့်ကိုလည်းဂရုစိုက်ရှာ၊ဖေဖေ့ကိုလည်း ချစ်ကြောက်ရိုသေရှာတယ်။

မေမေ ဆုံးပြီး သုံးလလောက်ကြာမှ စိတ်ရောကိုယ်ပါ ပြန်ထူမတ်လာတဲ့ ဆွေရည်ဟာ အိမ်အဟောင်းကို သွားပြီး မေမေ ကျန်ခဲ့တဲ့ ပစ္စည်းတွေ၊ ဆေးတွေကို ပေးသင့်တဲ့ လူကို ပေးတာတွေ လုပ်ရတယ်။ တချို့အရာတွေကို သယ်ဆောင်သွားချင်ပေမယ့် ဆွေရည်လည်း မသေ



mgyoe.com

mgyoe.com SAMPLE BOOK


နိုင်သေးသရွေ့တော့ လွတ်ချသင့်တာတွေ လွတ်ချရမယ် မဟုတ်လား။ ဖေဖေက ဆွေရည့်ကို မေမေ့အတွက် ဆွမ်းလှူတဲ့အခါ မြကလေး အတွက်ပါ ထည့်ပြီး ကုသိုလ်ပြုဖို့ ပြောခဲ့တယ်။ ဖေဖေဟာ မြကလေးကို သေလူအဖြစ် စာရင်းသွင်းခဲ့လိုက်ပါတယ်။

ဆွေရည်နဲ့ ဦးကဆစ်သီး အိမ်အဟောင်းကို ပြန်ပြီး ပစ္စည်း တွေ သိမ်းရင်း ဖေဖေရဲ့ ဒိုင်ယာရီ စာအုပ်ထဲကနေ ဓာတ်ပုံကလေး တစ်ပုံ ထွက်လာတယ်။ ပုံထဲမှာ ဖေဖေဟာ အမျိုးသားတစ်ဦးရဲ့ ပခုံးကို ဖက်ထားပြီး ဟက်ဟက်ပက်ပက် ရယ်နေခဲ့ပါတယ်။ ပြုံးရယ်နေတဲ့ ဖေဖေ့ကို ငေးကြည့်နေတဲ့ အမျိုးသားကလေးရဲ့ ပုံရိပ်ဟာ ဆေးသား တွေ မှုန်ဝါးနေပေမယ့် အဲဒီလူကို နှစ်ပေါင်းများစွာ သိလာတဲ့ ဆွေရည့် အဖို့ ဘယ်သူဆိုတာ သဲသဲကွဲကွဲ သိနေခဲ့တယ်။ ဖေဖေဟာ အနက်ကယ့် ပခုံးကို ဖက်ထားပြီး ဟက်ဟက်ပက်ပက် ရယ်မောနေခဲ့ပါတယ်။

ဆွေရည် နေကောင်းသွားတော့ ဖေဖေဟာ ညဘက်တွေ ဆိုရင် အိမ်ပြန်လာတတ်ပေမယ့် ဆွေရည် အိပ်လောက်တဲ့ အချိန်ဆိုရင် ပြန်ထွက်သွားတတ်တယ်။ မိသားစုဝင်တွေ ဆုံးရှုံးသွားတဲ့ ဆွေရည့်ဘဝ ထဲကနေ ဖေဖေ့ကို ဆွဲခေါ်သွားမယ့် မိန်းမတစ်ယောက်ယောက်များ ရှိနေလိမ့်မလားလို့ အတွေးလွန်ပြီး စိုးရိမ်ခဲ့ပေမယ့် ဖေဖေကတော့ ဘယ်သူ့ကိုမှ ခေါ်လာပြီး မိတ်ဆက်ပေးခဲ့တာ မရှိပါဘူး။

\+ + +


mgyoe.com

mgyoe.com SAMPLE BOOK

မေမေဟာ ကြိုတင် ကြံစည်ပြီး အသတ်ခံခဲ့ရတာတဲ့။ ကိုကိုကြီးရဲ့ စကားက ဆွေရည့်ခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပါပဲ။ မိသားစုက လွဲရင် ဘာမှ မသိတဲ့၊ အေးချမ်းတဲ့ မေမေ့ကို ဘယ်သူကများ သတ်တာတဲ့လဲ။ ကိုကိုကြီးက စကားတွေ ဆက်ပြောပေမယ့် ဆွေရည့် နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက်...။ ဆွေရည်တို့ကြီးကြီး မေမေ့အစ်မ တစ်ဝမ်းကွဲ ဆေးရုံတက်ရတဲ့အကြောင်း၊ ဘာရောဂါမှ ရှာမရဘဲ တရှောင်ရှောင် ဖြစ်နေခဲ့တာ ကြာပြီဖြစ်ကြောင်း၊ တခြား နည်းလမ်းတွေကနေ ရောဂါ ရှာမရလို့ ကြီးကြီးရဲ့သား ဓာတ်ခွဲခန်းမှူး လည်း ဖြစ်တဲ့ ကိုကိုကြီးက ကြီးကြီး စားနေကျ ဗမာဆေးတွေကို စစ်ဆေးခဲ့တဲ့အကြောင်း။ ဆွေရည့်ဆီက ပေးလိုက်တဲ့ နှလုံးငြိမ်ဆေး ဆေးပုလင်းတွေထဲမှာသာ Arsenide Compound ပါလာတဲ့ အကြောင်းတွေကို ပြောပြနေခဲ့ တယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


ဆေးထုတ်တဲ့ တိုက်ကို တရားစွဲမယ်လို့ ဆွေရည်က ပြောတော့ တခြားကနေ ဝယ်ယူခဲ့တဲ့ ဆေးပုလင်းတွေမှာ မပါဘဲ ဆွေရည်ပေးလာတဲ့ သုံးပုလင်းမှာသာ ပါတဲ့အကြောင်း ဆွေရည့်ကို ရှင်းပြပြန်တယ်။ အာရုံတွေ ထွေပြားလာတဲ့ ဆွေရည်ဟာ ကိုကိုကြီးဆီက အပြန်မှာ စိတ်ငြိမ်ဆေးတွေ အများကြီး သောက်ပစ်ပြီး တစ်ချိန်လုံး အိပ်ပျော်နေအောင်ပဲ ကြိုးစားနေခဲ့တယ်။ မေမေ့ကိုရော ဘယ်သူက ဘာဖြစ်လို့ သတ်ပစ်ရတာတဲ့လဲ။

+ + +


mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေက ဆွေရည့်ကို ကျောင်းပြန်တက်ဖို့ တိုက်တွန်းပေမယ့် ဆွေရည် ကျောင်းမတက်ဖြစ်သေးဘူး။ ဆွေရည့်စိတ်ထဲမှာ ဘယ်အရာကိုမှ ဆုပ်ဆုပ်ကိုင်ကိုင် မလုပ်နိုင်သေးဘူး။ စိတ်ထဲက အနာတရတချို့ ပျောက်ကွယ်သွားဖို့ ဆွေရည့် စိတ်ရောဂါကုဆရာဝန်ရဲ့ အကြံပေးချက်အရ ပန်းချီသင်တန်းကို တက်ဖြစ်တယ်။ ဆုံးရှုံးခဲ့တာတွေကိုချည်း အာရုံမစိုက်တော့တဲ့အတွက် ဖေဖေကလည်း ဆွေရည့်ကို အားပေးရှာပါတယ်။ ပန်းချီတွေသာ ဆွဲနေရပေမယ့် ဆွေရည့်စိတ်ဟာ အတိတ်ကတော့ မရုန်းထွက်နိုင်သေးဘူး။ ပန်းချီဆွဲမယ်လို့ လုပ်တိုင်း ဆွေရည့်စိတ်ထဲမှာ စွဲထင်နေခဲ့တာက တောင်ကုန်းပေါ်က အန်ကယ့်အိမ်ကြီးရဲ့ ဝရန်တာမှာ ရပ်နေတဲ့ တီတီ့ရဲ့ ပုံရိပ်ပဲ။ အဲဒီပုံကို ဆွဲဖြစ်အောင်ဆွဲဖို့ အန်ကယ့်အိမ်ကို သေချာမြင်ရမယ့် တောင်ကုန်းတစ်ခုပေါ်ကို ဆွေရည် တက်လာခဲ့တယ်။

ပန်းချီကားက ရုပ်လုံးပေါ်လာလေလေ ဆွေရည် ဆွဲရတာ ရှာန်ဝင်လာလေလေပဲ။ နေရောင်ဟာ ဟိုးအနောက်ဘက်ကို တိုးဝင်သွားတဲ့အထိ ဆွေရည်ဟာ အိမ်ကြီးရဲ့ အသေးစိတ်ကို ပန်းချီချယ်နေ



mgyoe.com

mgyoe.com
SAMPLE BOOK


တုန်း။ ပန်းချီဆွဲနေတဲ့ အချိန်မှာ စိတ်ထဲမှာရှိသမျှ ကြောင့်ကြမှု အားလုံးကနေ ကင်းလွတ်ပြီး ဆွေရည့်အာရုံ တစ်ခုလုံးဟာ ကျနေရောင်အောက်ကနေ လှမ်းမြင်ရတဲ့ အိမ်ကြီးမှာပဲ ရှိနေခဲ့တယ်။ နေရောင်လုံးဝ မရှိတော့ဘဲ အမှောင် အားကောင်းလာတဲ့ အချိန်ရောက်တော့မှ ပန်းချီဆွဲတာကို ရပ်ပြီး အိမ်ပြန်ခဲ့တယ်။

အိမ်အပြန် နောက်ကျလို့ အိမ်ရောက်နှင့်နေတဲ့ ဖေဖေကတော့ ဆွေရည့်ကို စူးစမ်းသလို ကြည့်တယ်။ ဆွဲလက်စ ပန်းချီကားကို ဦးကဆစ်သီးက ကြည့်ပြီး ဆွေဆွေက မဆိုးပါလားပော့လို့ ချီးကျူးပေမယ့် ဖေဖေကတော့ မျက်မှောင်ကြုတ်ပြီး ကြည့်နေခဲ့တယ်။ ပြီးတော့ *အတိတ်တွေထဲက ရုန်းထွက်စေချင်ပြီ သမီး* တဲ့။

အဲဒီနောက် ညစာ ထမင်းစားစားပွဲမှာ ဖေဖေက ဆွေရည့်ကို Singapore မှာ ကျောင်း တက်ရအောင် ပြင်ဆင်ဖို့ ရန်ကုန်ကိုသွားဖို့ ပြောလာခဲ့တယ်။ *ဒီနေရာ၊ ဒီပတ်ဝန်းကျင်နဲ့ ဝေးဝေးမှာ ရပ်တည်ရှင်သန်ပါ* တဲ့။

ဆွေရည် ခေါင်းပဲ ညိတ်ပြခဲ့လိုက်တယ်။

တစ်အိမ်လုံး တိတ်ဆိတ်သွားချိန်ကျမှ ဆွေရည်ဟာ ဧည့်ခန်းမှာ ထောင်ထားတဲ့ ဆွဲလက်စ ပန်းချီကားဆီကို လာခဲ့တယ်။ ဆင်ဝင်အောက်မှာ ကားရှိမနေတဲ့အတွက် ဖေဖေ အိမ်မှာ မရှိတော့ဘူး ဆိုတာ ဆွေရည် သိတယ်။ ဦးကဆစ်သီးက အိမ်အနောက်ဘက်နားက စတိုလေးမှာ နေတာမို့လို့ တစ်အိမ်လုံးဟာ တိတ်ဆိတ်ငြိမ်သက်လို့။ ဧည့်ခန်းမီးကို ဖွင့်ပြီး ရေခဲသေတ္တာထဲက ကော်ဖီအေးဘူးကို ယူသောက်ရင်းနဲ့ ကိုယ်ဆွဲထားတဲ့ လက်ရာကို တစိမ့်စိမ့် ခံစားကြည့်နေရင်း ပုံမှန်မဟုတ်တဲ့ အရာတစ်ခုကို ဆွေရည် သတိထားလိုက်မိတယ်။

ဆွေရည့်ပန်းချီကားထဲက အန်ကယ့်ရဲ့ လူမရှိတဲ့ အိမ်ဟာ


mgyoe.com

mgyoe.com

SAMPLE BOOK


မီးအဝါရောင်လေး လင်းနေခဲ့တယ်။ တိတိကျကျ ပြောရရင် အနက်ကယ့် အိမ်ကြီးရဲ့ မြေအောက်ခန်းတွေဆီကို ပြင်ပကနေ အလင်းဝင်အောင် လုပ်ထားတဲ့ မြေကြီးနဲ့ ကပ်နေတဲ့ မှန်ချပ်တွေကနေ မြင်ရတဲ့ အလင်းကို အပြင်မှာ သတိမထားမိပါဘဲ ပန်းချီကားထဲမှာတော့ ဆွေရည်က ထည့်ဆွဲခဲ့မိတယ်ပေါ့။

နှစ်ကာလများစွာ လူမရှိပါဘူး ဆိုတဲ့ အိမ်ထဲမှာ ဘယ်သူ ရှိနေတာလဲ၊ ဘာကြောင့် မြေအောက်ခန်းကပဲ မီးတွေ လင်းနေခဲ့တာလဲ…။


mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း — ၄

mgyoe.com

mgyoe.com SAMPLE BOOK

ဆွေရည်

mgyoe.com

mgyoe.com SAMPLE BOOK

အနိ်ကယ့်အိမ် မြေအောက်ခန်းထဲကနေ မြကလေးကို ပြန်ရှာတွေ့ခဲ့ပါတယ်။ အသက်ခုနစ်နှစ်က ပျောက်သွားတဲ့ မြကလေးကို အသက် ဆယ့်သုံးနှစ်ကျမှပဲ ပြန်ရှာတွေ့ခဲ့ကြပါတယ်။ မြကလေးရဲ့ ခြေထောက်တွေဟာ နှစ်ကာလများစွာ သံခြေကျင်းနဲ့ ခတ်ထားတာ ခံရလို့ ဒဏ်ရာဗရပွနဲ့။ ရဲတွေ ရှာတွေ့ကြတုန်းက မြကလေးရဲ့ လည်ပင်းမှာ တီတီရဲ့ မြဘယက်နဲ့အတူ မြကလေးဟာ ညေ့ခန်းမှာ ချိတ်ထားတဲ့ ဓာတ်ပုံထဲက တီတီ့အတိုင်း ဝတ်စားဆင်ယင်ထားတာကို တွေ့ခဲ့ကြရတယ်။

ပိုပြီး ဝမ်းနည်းကြေကွဲစရာ ကောင်းတာက မြကလေးကို ရှာ



mgyoe.com

mgyoe.com
SAMPLE BOOK


တွေ့တဲ့ အချိန်မှာ မြကလေးဆီမှာ ကိုယ်ဝန်ငါးလ ပါလာခဲ့ပါတယ်။ မြကလေးဟာ ဘယ်သူ့ကိုမှ အထိမခံဘူး...။ စကားလည်း မပြောဘူး။ သူစိမ်းတွေ၊ အထူးသဖြင့် အမျိုးသားတွေကို ဘယ်လိုမှ အတွေ့မခံဘူး။ နေရောင် မမြင်ရတာ ကြာလို့ ဖြူဖျော့သေးလှိနေတဲ့ မြကလေးဟာ ကိုယ်ဝန်ကြီးကို ပင်ပန်းတကြီး လွယ်ထားခဲ့ရတယ်။ ဆွေရည်ဟာ မြကလေး အဆင်ပြေဖို့ ဆရာဝန်တွေဆီမှာ တရားဝင် ကိုယ်ဝန်ဖျက်ချခွင့် တောင်းဆိုဖို့ ကြိုးစားပေမယ့် ဥပဒေက ခွင့်မပြုလို့ အရာမထင်ခဲ့ပါဘူး။

ဒီလောက် နီးနီးကလေးမှာ ရှိနေတဲ့ မြကလေးကို ရှာမတွေ့ခဲ့တဲ့အတွက် ဆွေရည့်ဟာ ကိုယ့်ကိုယ်ကိုယ် မုန်းပေမယ့် မြကလေးအတွက် ရှေ့ဆက်ရမယ်လို့ အားတင်းနေခဲ့ရတယ်။ မြကလေးကို ရှာတွေ့ပြီးနောက်ပိုင်း ဖေဖေ့ကို ကြည့်ရတာ စိတ်နှလုံး ချုံးချုံးကျနေခဲ့သလို၊ ပိုပြီးတော့လည်း စိတ်ဆတ်လာသလိုပဲ။ ဖေဖေဟာ မြကလေးရဲ့ပုံစံကို မမြင်ရက်လို့ မြကလေးနဲ့ ပက်သက်တဲ့ ကိစ္စအဝဝကို ဆွေရည့်ကိုပဲ လွှဲထားခဲ့တယ်။ စိတ်ကျန်းမာရေးဆေးရုံက သီးသန့်ခန်းထဲမှာ ရှိနေတဲ့ ကိုယ်ဝန်ကြီးနဲ့ မြကလေးဆီကို ဆွေရည် နေ့တိုင်းရောက်ပေမယ့် မြကလေးကတော့ ဆွေရည့်ကို ဘာစကားမှ ပြန်မပြောခဲ့ဘူး။

ရဲတွေက အန်ကယ့်ကို ဖမ်းလိုက်ကြပါတယ်။ အန်ကယ်ဟာ တကယ်ပဲ ဟောင်ကောင်ကို မသွားဘဲ ရန်ကုန်မှာပဲ တိတ်တဆိတ် အခြေချနေတာကို ရှာတွေ့ခဲ့ကြတယ်။အန်ကယ့်ကိုဖမ်းမိပြီဖြစ်ကြောင်း အကြောင်းကြားတော့ ဖေဖေနဲ့အတူ သွားတွေ့တဲ့အခါ ဖေဖေက အန်ကယ့်ကို 'မင်းကွာ... တောက်' ဆိုတဲ့ စကားတစ်ခွန်းပဲ ရေရွတ်ခဲ့သလို အန်ကယ်ကလည်း ဘယ်သူ့ကိုမှ ဘာစကားမှ ပြန်မပြောခဲ့ပါဘူး။ အဲဒီညမှာပဲ အန်ကယ်ဟာ သူဝတ်ထားတဲ့ ဘောင်းဘီရှည်ကို သံတိုင်တွေမှာ ချိတ်ပြီး သူ့ကိုယ်သူ ကြိုးဆွဲချ သတ်သေခဲ့တယ် ဆိုတဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


အကြောင်း ဦးကဆစ်သီးဆီက သတင်းရခဲ့တယ်။

... ... ...

+ + +


mgyoe.com

mgyoe.com SAMPLE BOOK

မြကလေးဟာ ကလေးကို စိတ်မဝင်စားပါဘူး။ ဆရာဝန်တွေက မြကလေး အနေနဲ့ ပြန်ကောင်းလာနိုင်ဖို့ အချိန်တွေ အများကြီး ယူရလိမ့်မယ်လို့ ဆိုကြတယ်။ မြကလေးဟာ တစ်ခါတစ်ခါမှာ သိစိတ်မဲ့နေတဲ့ အနေအထားမှာ ရှိပြီး၊ တစ်ခါတစ်ခါမှာတော့ သူ့ကိုယ်သူ အငြိမ့်မင်းသမီး မြတခက်လို့ ထင်မှတ်ပြီး ဆိုဟယ် ကဟယ်နဲ့၊ တစ်ခါတစ်ခါမှာတော့ 'မလုပ်ပါနဲ့ ကိုကိုရဲ့ မြ ကြောက်လို့ပါ'လို့ အော်လို့ဟစ်လို့။

အဲဒီ ပင်ပန်းတကြီးနဲ့ မွေးလာရတဲ့ မြကလေးရဲ့ ကလေးက ယောကျ်ားလေး...။ဒါပေမဲ့ ဒီကလေးလေးရဲ့အမေဖြစ်တဲ့ မြကလေးဟာ အသက်အရွယ် ငယ်လွန်းတာရယ်၊ ကိုယ်ဝန်ဆောင်နေစဉ်မှာ လုံလောက်တဲ့ Vitamins တွေကို မရခဲ့တာရယ်ကြောင့် ကလေးလေးဟာ အင်မတန်ကို ချို့နဲ့သေးကွေးနေခဲ့တယ်။

အန်ကယ် ဆုံးပြီးတဲ့နောက်မှာ ဆွေရည်နဲ့ ဖေဖေဟာ အမွေခံ ပြဿနာကို ရင်ဆိုင်ရတယ်။ ဖေဖေက မြကလေးဟာ အန်ကယ်ရဲ့ တရားဝင် မွေးစားသမီးအဖြစ် ရှိနေတာကြောင့် အန်ကယ် ချန်ခဲ့တဲ့ အမွေတွေကို မြကလေးက ရမယ်။ ဒါပေမဲ့ အမွေအားလုံးကို မြကလေးရဲ့ စိတ်ကျန်းမာရေး ပြန်ကောင်းသည်အထိ သူ ထိန်းသိမ်းပေးထားမယ်လို့ ဆိုတယ်။ တကယ်လို့ မြကလေးသာ သေသွားခဲ့ရင် ဒီအမွေတွေဟာ မြကလေးရဲ့ သားကလေးအတွက် ဖြစ်စေရမယ်လို့ စာချုပ်စာတမ်းတွေနဲ့ တရားဝင်အောင် လုပ်ခဲ့ကြပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK


ဒါပေမဲ့ တကယ်တမ်းမှာတော့ ဖေဖေဟာ ကလေးလေးကို မကြည့်ချင်၊ မမြင်ချင်ဘူး။ တစ်ညမှာ ဆွေရည် အိပ်ပျော်နေတုန်း ကလေးကို ဆွေရည့်ဆီကနေ လာပြီး ခိုးယူသွားခဲ့တယ်။ ဆွေရည် လိုက်ရှာတော့ ရေကန်နားမှာ အသံပြာအောင် ငိုနေတဲ့ ကလေးလေးနဲ့ ဖေဖေ့ကို တွေ့ရတယ်။ အဲဒီနောက် ဆွေရည်နဲ့ ဖေဖေတို့ အကြီး အကျယ် စကားများကြတယ်။ ဆွေရည်ဟာ ဖေဖေ့ကို ထားခဲ့ပြီး ဖေဖေ့ အိမ်ကနေ ဆွေရည်တို့မိသားစု အိမ်အဟောင်းဆီကို ပြန်ပြောင်းနေခဲ့ ရတယ်။ ကလေးလေးနဲ့ ဆွေရည့်ရဲ့ အခြေအနေတွေ တည်ငြိမ်သွား သလောက် ရှိပေမယ့် ဆွေရည့်ခေါင်းထဲမှာ ရှုပ်ထွေးနေတဲ့ အစတွေကို မရှင်းထုတ်နိုင်သေးဘူး။

ဘဝထဲကို လိုလိုချင်ချင် အခေါ်မခံရဘဲ ဝင်လာတဲ့ ကလေး လေးဟာ ဆွေရည် ဂရုစိုက်နေတဲ့ ကြားထဲကနေ အဆုတ်ရောင်ရောဂါ နဲ့ ဆုံးသွားခဲ့ပါတယ်။ ကလေးလေးရဲ့ အသုဘအပြီးမှာ ဆွေရည် ကိုယ် တိုင်လည်း အိပ်ရာထဲကို ပုံလဲသွားခဲ့ပြန်ပါတယ်။ ဘယ်လို ကံကြမ္မာ မျိုးတွေက ဆွေရည်တို့ မိသားစုထဲကို ဝင်လာခဲ့ရတာတဲ့လဲ။ ကလေး လေးရဲ့ပစ္စည်းတွေ သိမ်းရင်း ဆေးမှတ်တမ်းတွေကို ပြန်ဖတ်နေတဲ့အခါ ထူးဆန်းတဲ့အရာ တစ်ခုကို ဆွေရည် သတိထားလိုက်မိတာက ကလေး လေးဟာ အောဘီသွေးတဲ့။ မြကလေးက အိုသွေး၊ ဆုံးသွားတဲ့ အန် ကယ်ဟာလည်း အိုသွေး ဖြစ်နေတဲ့အတွက် ကလေးလေးဟာ အောဘီ သွေး ဆိုတာ ဖြစ်နိုင်လို့လား။ အရာရာဟာ ဆွေရည့်အတွက် စဉ်းစားဖို့ ခက်ခဲလောက်အောင်ကို မှုန်ဝါးရှုပ်ထွေးနေခဲ့ပါတယ်။

ဖေဖေကတော့ ဆွေရည့်ကို ဒါတွေအားလုံးကို ပစ်ချပြီး စင်ကာပူမှာ ကျောင်းသွားတက်ဖို့ပဲ တိုက်တွန်းနေခဲ့ပါတယ်။ မြကလေး ကို တစ်ယောက်တည်း မထားခဲ့နိုင်ဘူးလို့ ပြောတဲ့အခါမှာ ဖေဖေနဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


ဆွေရည်ဟာ စကားတွေ အကြီးအကျယ်ကို ကတောက်ကဆ ဖြစ်ကြရတယ်။ ဖေဖေက မြကလေးကို စောင့်ရှောက်ဖို့ ဆွေရည့်မှာ ဘာအင်အားမှ မရှိဘူးတဲ့...။ ဖေဖေပြောတဲ့ စကားထဲမှာ အမှားမရှိတာကို ဆွေရည် လက်မခံချင်ဘဲ လက်ခံလိုက်ရတယ်။ စင်ကာပူမှာ ကျောင်းသွားတက်ဖို့ စာရွက်စာတမ်းတွေ ပြင်ဆင်ရင်း ဖေဖေ့ဆီက ပေးလာတဲ့ အိမ်ထောင်စုဇယား စာရွက်စာတမ်းထဲမှာ ဆွေရည်တို့ သုံးနေကျမဟုတ်တဲ့ မိတ္တူတစ်စောင် ရောပြီး ပါလာခဲ့တယ်။ ဆွေရည်ဟာ ဖေဖေ့ရဲ့ ဘယ်အမျိုးအဆွေကိုမှ မသိခဲ့ဖူးဘူး။

ဖေဖေဟာ တစ်ကောင်ကြွက်အဖြစ် မေမေ့ကို ယူပြီး မိသားစုထဲမှာ လာနေခဲ့လို့ ဖိုးဖိုးနဲ့ ဖွားဖွားက ဖေဖေ့ကို နှိမ်သလိုလို စကားတွေ ပြောခဲ့ဖူးတာ၊ ဆွေရည့်မေမေတို့ အမျိုးတွေဘက်က ဖေဖေ့ကို အလေးမထား နေရာမပေးတာတွေကို ဆွေရည် အခုကျမှ ပြန်သတိရလာရတယ်။ ဖေဖေဟာ ဆွေမရှိ မျိုးမရှိတဲ့။ ဒါပေမဲ့ ဆွေရည့်စာရွက်တွေထဲကို ပါလာတဲ့ အိမ်ထောင်စု ဇယားထဲမှာတော့ ဖေဖေ့မိဘတွေအပြင် ဆွေရည် မသိတဲ့ နောက်ထပ်နှစ်ယောက် ပါလာခဲ့ပါတယ်။ တစ်ယောက်ကတော့ အန်ကယ်ဖြစ်ပြီး နောက်တစ်ယောက်ကတော့ အမျိုးရယ်လို့ တစ်ခါမှ မကြားဖူးတဲ့ နာမည်ပါပဲ။ ဖေဖေ၊ အန်ကယ်နဲ့ ကိုကိုထင် ဆိုတဲ့ လူဟာ ညီအစ်ကိုတွေတဲ့။

အဲဒီ အိမ်ထောင်စုဇယားအရ ဆိုရင် ဖေဖေနဲ့ အန်ကယ်ဟာ ညီအစ်ကိုတွေတဲ့လား...။ ပြီးတော့ ဒါကိုရော ဖေဖေနဲ့ အန်ကယ်က တစ်ယောက်ကို တစ်ယောက် မသိဖူးကြတဲ့ လူတွေလိုမျိုး ဘာဖြစ်လို့များ တစ်ဘဝလုံးလုံး ဖုံးကွယ်ထားကြတာတဲ့လဲ။

... ... ...

+ + +

ဇလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

ရဲစခန်းကနေ အန်ကယ့်ပစ္စည်းတွေထဲက ဖေဖေ့နာမည်နဲ့ စာအိတ်ကို လာပို့သွားတော့ အိမ်မှာ ဖေဖေရော၊ ဦးကဆစ်သီးပါ မရှိကြဘူး။ ပစ္စည်းတွေကို ထုတ်ကြည့်လိုက်တော့ ခြံမြေပိုင်ဆိုင်မှု စာချုပ်တွေနဲ့ တချို့သော စာရွက်စာတမ်းတွေ။ အန်ကယ်ဟာ တောင်ကုန်းပေါ်က အိမ်ကြီးနဲ့ ရန်ကုန်က အိမ်၊ ပြီးတော့ လက်ကျန်ပစ္စည်းဥစ္စာ အကုန်လုံးကို ဆွေရည့်နာမည်နဲ့ လွှဲပေးသွားခဲ့တယ်။ တောင်ကုန်းပေါ်က အိမ်ကြီးကို ဆွေရည်က မသတီပေမယ့် ဖေဖေက စီးပွားရေးအတွက် သင့်တော်တယ်လို့ ပြောတယ်။ စိတ်ရှုပ်စရာတွေကို လက်မခံနိုင်တဲ့ ဆွေရည်ဟာ ဖေဖေ့ဆီကိုပဲ အကုန်လုံးကို အပ်ထားလိုက်ရတယ်။

ဆွေရည် နားမလည်တာက အန်ကယ်ဟာ ဘာဖြစ်လို့ ဆွေရည့်ကို သူ့ပစ္စည်းတွေ လွှဲပေးရတာတဲ့လဲ။ ပြီးတော့ အန်ကယ့်ကို ရန်ကုန်မှာ သွားဖမ်းခဲ့ပြီး ဒီကို ချက်ချင်းခေါ်လာကြပြီး အချုပ်ထဲမှာတင် သတ်သေသွားတဲ့ အန်ကယ်က ဒါတွေကို ဘယ်အချိန်မှာ လုပ်လိုက်တာလဲ။ အန်ကယ်ဟာ သူ အဖမ်းခံရမယ် ဆိုတာကို ကြိုတင်သိနေခဲ့



mgyoe.com

mgyoe.com
SAMPLE BOOK


တာလား၊ သူ့ကိုယ်သူ သတ်သေဖို့ကိုရော ကြိုတင်ပြင်ဆင်ထားခဲ့တာလား။ အန်ကယ် သတ်သေသွားတယ် ဆိုတာကိုလည်း ဆွေရည်ဟာ ဦးကဆစ်သီးဆီကပဲ သိခဲ့ရတာ မဟုတ်လား။ အန်ကယ့် Dead body ကရော ဘယ်မှာလဲ။ ဆွေရည့်ဆီမှာ မေးခွန်းတွေပဲ များနေပေမယ့် အဖြေကတော့ တစ်ခုမှ ရှိမနေခဲ့ဘူး။ ရဲစခန်းက လာပေးတဲ့ အန်ကယ့်ရဲ့ ကျန်ရစ်ပစ္စည်းတွေထဲမှာ ထူးဆန်းတာ ဆိုလို့ သော့တစ်ချောင်း ပုံစံအတိုင်း လက်ရာအနုစိတ်ထားတဲ့ ရွှေလော့ကတ်သီးကလေးတစ်ခုပဲ ပါလာခဲ့တယ်။

ဖေဖေ ပြန်လာတော့ သူ မသိလိုက်ဘဲ ရဲစခန်းက လာသွားလို့ စိတ်အနှောင့်အယှက် ဖြစ်သွားပုံ ရတယ်။ အိမ်သော့နဲ့ လွှဲပေးခဲ့တဲ့ ပိုင်ဆိုင်မှုတွေအကြောင်း ဆွေရည့်ကို ဘာမှမပြောဘဲ စာရွက်တွေနဲ့ သော့ကို သိမ်းသွားတယ်။ ဆွေရည်ဟာ ဘာဖြစ်လို့ ရွှေသော့ကလေးကို ဖေဖေ့ကို ထည့်ပြီး မပြခဲ့မိသလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ဘူး။ ဒီပစ္စည်းကလေးဟာ ဆွေရည် သိချင်တဲ့ အရာအားလုံးရဲ့ သော့ချက်များ ဖြစ်နေလေမလား။

... ... ...

+ + +


mgyoe.com

mgyoe.com SAMPLE BOOK

ဆွေရည် ရန်ကုန်ရောက်လာတော့ နေရတာက အန်ကယ် ထားခဲ့တဲ့ အိမ်ပါပဲ။ ဒီအတိုင်း တက်နေလိုက်ရတာတော့ မဟုတ်ဘူး…။ ဖေဖေဟာ သံသယကြီးတဲ့သူမို့ ဆွေရည့်ကို မထားခင် အန်ကယ်ရဲ့ အိမ်ကို ချောင်ကြိုချောင်ကြားမကျန် သူစိတ်တိုင်းကျ သွားစစ်ခဲ့တယ်။ ဖေဖေ ဘာတွေကို စိုးရိမ်နေတာလဲ ဆိုတော့ အန်ကယ်ဟာ ရှူးနေတဲ့ စိတ္တဇကောင်မို့လို့ ဆွေရည့်ကို အန္တရာယ် မဖြစ်စေချင်ဘူးတဲ့။ ဖေဖေ ဟာ ဦးကဆစ်သီးကို ဆွေရည်နဲ့ ထားခဲ့ပြန်ပါတယ်။

လူသတ်သမားအဖြစ် ထောင်ထဲကို ရောက်ဖူးတဲ့ ဦးကဆစ် သီးကို ဆွေရည် စပြီး တွေ့တုန်းက အရမ်းကို ရွံကြောက် ကြောက် ခဲ့ပါတယ်။ ဒါပေမဲ့ ဖေဖေက ခေါ်ပြီး အလုပ်ပေးထားတာမို့ ဆွေရည့်မှာ ဘာပြောပိုင်ခွင့်မှ မရှိ။ ဦးကဆစ်သီးဟာ ဖေဖေနဲ့ ဆွေရည်တို့ဆီ နေ စဉ်မှာ အင်မတန်ကို ပျပ်ဝပ်ကျိုးနွံပြီး ဆွေရည့်ကို မျက်လုံးနဲ့တောင် မော်မကြည့်ဖူးတဲ့သူပါ။ ဒါပေမဲ့ ရန်ကုန်က အိမ်မှာ ဦးကဆစ်သီးနဲ့ နှစ် ယောက်တည်း နေရမယ် ဆိုတာကိုတော့ ဆွေရည် ဘယ်လိုမှ လက်မခံ နိုင်။ အတိတ်တွေက ရုန်းထွက်ချင်လို့ အတိတ်က လူတွေနဲ့ပါ မပတ်



mgyoe.com

mgyoe.com
SAMPLE BOOK


သက်ချင်ဘူးလို့ ဖေဖေ့ကို ပြောပြီး ဦးကဆစ်သီးကို ပြန်ထည့်ပေးလိုက်ရတယ်။ ပြီးတော့ ဦးကဆစ်သီးဟာ ဆွေရည့်ထက် ဖေဖေ့ရဲ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ကို နာခံတဲ့သူမို့ ဆွေရည့်အနားမှာ မခေါ်ထားချင်ခဲ့ဘူး။

ဆွေရည် သင်တန်းတွေ တက်တယ်။ စိတ်ထဲမှာ လိပ်ခဲတည်းလည်း ဆိုပေမယ့် ဘယ်အရာကိုမှ စေ့စေ့တွေးပြီး ရှုပ်လုံးပေါ်လာအောင် ဖော်ထုတ်လို့ မရဘူး။ အရာရာဟာ ရှုပ်ထွေးပြီး မှုန်ဝါးနေတယ်။ ဒါပေမဲ့ ဖေဖေ့ဆီက ဖုန်း မှန်မှန်လာသလို အရာရာဟာလည်း ပုံမှန်အတိုင်းပဲ လည်ပတ်နေခဲ့တယ်။ ဘယ်လောက်အထိ ပုံမှန်အခြေအနေမျိုးကို ရောက်နေသလဲ ဆိုရင် လူများများနဲ့ ပေါင်းသင်းဆက်ဆံမှုတွေ မလုပ်နိုင်တဲ့ ဆွေရည့်မှာတောင် သင်တန်းကျောင်းကနေ ဆုဆိုတဲ့ သူငယ်ချင်း ကောင်မလေးတစ်ယောက် ရထားခဲ့ပြီ။ ဒါပေမဲ့ ဘယ်လောက်အထိ ပုံမှန်ဖြစ်နေပြီလို့ ဆိုပါစေ၊ ပုံမှန် မဟုတ်တဲ့ အရာကတော့ ဆွေရည့်စိတ်ထဲမှာ ခိုးလိုးခုလု ကျန်ရစ်နေတုန်းပဲ။ အန်ကယ်ဟာ ဘာကြောင့်များ သူနဲ့ ဘာမှ မဆိုင်တဲ့ ဆွေရည့်ကို သူ့ပစ္စည်းတွေ ပေးခဲ့ရတာလဲ။ တကယ်ဆို နစ်နာသူက ဆွေရည်မှ မဟုတ်ခဲ့တာ။ ဖေဖေ ပြောခဲ့သလို အားလုံးကို မေ့ပစ်ပြီး ကိုယ့်ဘဝကို အစက ပြန်စသင့်ပြီလား...။ ဆွေရည်ဟာ ကိုယ်မဖြည်နိုင်တဲ့ ကြိုးကို အပင်ပန်းခံပြီး အထုံးဖြည်ဖို့ ကြိုးစားနေခဲ့တယ်ပဲ ထင်ပါရဲ့။

ဆွေရည် ရန်ကုန်ကို ရောက်ပြီး ခြောက်လလောက် နေတော့ မြကလေး ရှိနေတဲ့ ဆေးရုံကို ဖုန်းဆက်တဲ့အခါ မြကလေးကို လွှန်ခဲ့တဲ့ နှစ်လလောက်ကတည်းက ဖေဖေက အိမ်ကို ပြန်ခေါ်သွားခဲ့ပြီလို့ ပြောတယ်။ ဆွေရည်က ဖေဖေ့ကို အဲဒီအကြောင်း မေးတော့ မြကလေးဟာ ဆေးရုံခန်းထဲမှာလည်း ဒီလိုပဲ ပိတ်လှောင်ခံထားရမယ့် အတူတူ ကျယ်ကျယ်ဝန်းဝန်းနဲ့ လေကောင်းလေသန့် ရမယ့် နေရာအသစ်ကို


mgyoe.com

mgyoe.com
SAMPLE BOOK


သူပြင်ဆင်ပြီးလို့ ခေါ်လိုက်တာတဲ့။ မြကလေးရဲ့ ကျန်းမာရေးအတွက် မိဘရင်ခွင်ဟာ အကောင်းဆုံးပဲလို့ စိတ်ကို ဖုံးဖုံးချပစ်လိုက်ချင်ပေမယ့် ဘာမှန်း အမည်တပ်လို့ မရတဲ့ ခံစားမှု တစ်ခုဟာ ဆွေရည့်စိတ်ကို ခိုးလိုးခုလု ဖြစ်နေစေခဲ့ပါတယ်။

ဆွေရည် အပြင်က ပြန်လာတော့ အိမ်ဝက စာတိုက်ပုံးမှာ စာတချို့ ရောက်နေတယ်။ ဆွေရည် ဒီကို ရောက်ပြီး သုံးလအတွင်း လာတဲ့စာ တော်တော်များများက အန်ကယ့်ဆီကို လာတာ။ ဆွေရည့် နာမည်နဲ့ မဟုတ်ပေမယ့် ဆွေရည်နဲ့ ဆိုင်တာဆိုလို့ Electric bill, telephone bill စတာတွေပဲ။ ဖေဖေက အန်ကယ့်နာမည်နဲ့ လာတဲ့ စာမှန်သမျှ သူ့ကို ပို့ပေးရမယ်လို့ မှာထားတယ်။ စာပုံးထဲက စာတွေကို ယူလာပြီး ဧည့်ခန်းထဲက ပုံးတစ်လုံးထဲကို ထည့်ရင်းနဲ့မှ ဒေါ်ဆွေရည် လဲ့လဲ့လို့ နာမည်တပ်ထားတဲ့ စာတစ်စောင်ကို တွေ့ရတယ်။ ဒေါ်ဆွေရည်လဲ့လဲ့လို့ ဆွေရည့်ကို ဘယ်သူကမှ ခေါ်လေ့မရှိဘူး။

စာက ဘဏ်တစ်ခုကနေ လာတာ။ Private bank တစ်ခုကနေ ဆွေရည့်နာမည်နဲ့ အာမခံသေတ္တာကို သက်တမ်းတိုးဖို့ အကြောင်းကြားစာ။ ဆွေရည်ဟာ ဒီစာကို ဖေဖေ့ဆီ ပို့သင့်၊ မပို့သင့်ကို ဆုံးဖြတ်နေရတာ အကြာကြီးပဲ။ ဆွေရည်ဟာ ပြီးခဲ့တဲ့ ပြဿနာတွေကနေ ရှောင်ဖယ်ပြီး ဘဝကို အေးအေးလူလူ ဖြတ်သန်းတော့မယ်လို့ ဆုံးဖြတ်ထားမိပေမယ့်လည်း သိချင်စိတ်က ဆွေရည့်ကို မီးတောက်တစ်ခုလို တွန်းအားပေးနေခဲ့ပါတယ်။

... ... ...

+ + +


mgyoe.com

mgyoe.com SAMPLE BOOK

ရွှေသော့ကလေးဟာ အဲဒီဘဏ်ရဲ့ အာမခံသေတ္တာသော့ပါပဲ။ အာမခံသေတ္တာထဲမှာ ထူးခြားတဲ့ပစ္စည်း မရှိပါဘူး။ ဟောင်းနေတဲ့ စာအိတ် တစ်လုံးပဲ ရှိပါတယ်။ စာအိတ်ထဲမှာက ဓာတ်ပုံတစ်ပုံ။ တိတိကျကျ ပြောရရင် ပခုံးဖက်ရင်း ပြုံးရယ်နေတဲ့ ကောင်ကလေး သုံးယောက်ရဲ့ ဓာတ်ပုံ...။ ထပ်ပြီး တိတိကျကျ ပြောရရင် အနက်ကယ်နဲ့ ဆွေရည့်ဖေဖေရယ်၊ နောက်ထပ် ဆွေရည့်ဖေဖေနဲ့ ခွဲမရအောင် တူတဲ့ ကောင်ကလေးရယ်ဟာ ကင်မရာကို ငေးကြည့်ပြီး ဟက်ဟက်ပက်ပက် ပြုံးရယ်နေခဲ့ကြပါတယ်။

... ... ...

+ + +



mgyoe.com

mgyoe.com SAMPLE BOOK

မနက်တည်းက ဆွေရည် မန္တလေးကို ရောက်နေခဲ့ပေမယ့် ဖေဖေ့အိမ်ကို မပြန်ဘူး။ အိမ်ထဲကို ဖေဖေနဲ့ ဦးကဆစ်သီး မရှိတဲ့ အချိန်မှ ဝင်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တကယ်လို့ ဖေဖေတို့ မိသွား ရင်လည်း မြကလေးကို သတိရလို့ ခဏပြန်လာတဲ့ ဆွေရည့်အပေါ် ဆူရုံအပြင် ဘာသံသယမှ ရှိမှာ မဟုတ်ဘူး။ ဖေဖေက တစ်နေကုန် ပွဲရုံ ကိစ္စ၊ ကျောက်ဝိုင်းကိစ္စ၊ ရတနာဆိုင်ကိစ္စတွေနဲ့ မြို့အနှံ့ ပတ်သွားနေ တတ်တယ်။ ဖေဖေက မိုးချုပ်မှ အိမ်ပြန်ရောက်ပြီး ညစာကိုလည်း ပူပူနွေးနွေးမှ စားတတ်တာမို့ ဦးကဆစ်သီးက ညနေ သုံးနာရီ ဆိုရင် ဈေးကို သွားပြီး ငါးနာရီလောက်မှ ပြန်လာတတ်တာ။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ဖေဖေ့အကြိုက် တွေ၊ အမူအကျင့်တွေကို သိတာ ဦးကဆစ်သီးပဲ ရှိတယ်။ သိတာမှ တကယ့်ငယ်ပေါင်းကြီးဖော်တွေလိုကို သိတာ။ ဆွေရည် ငယ်ငယ်က လည်း မေမေကပဲ ဂရုစိုက်တဲ့အပြင် ဖေဖေက အိမ်မှာ သိပ်ပြီး မရှိနေ တာ များတယ်။ ဒီတော့ ဆွေရည် ကိုယ်တိုင်တောင် ဖေဖေဟာ ဘာ ဟင်း ကြိုက်တယ်၊ ဘာအရောင် ကြိုက်တယ် ဆိုတာ အခုထိ သေသေ



mgyoe.com

mgyoe.com
SAMPLE BOOK


ချာချာ မသိဘူး။ ဆွေရည် သိတာ တစ်ခုကတော့ ဖေဖေဟာ စည်းကမ်း ကြီးတယ်။ ပစ္စည်းတွေကို ကိုင်ပြီးရင် နေရာတကျ ထားမှ ကြိုက်တယ်။ သူ့စာဖတ်ခန်းထဲကို ဝင်တာ မကြိုက်ဘူး။ တစ်ခါတုန်းက ဆွေရည် ဖေဖေ့အခန်းထဲက စာအုပ်တစ်အုပ် ယူဖတ်တာကို ဖေဖေ ချက်ချင်းသိပြီး ဆွေရည့်အတွက် စာအုပ်စင်တစ်ခု သက်သက်ဝယ်ပြီး ဆွေရည် ကြိုက်တဲ့ စာအုပ်တွေနဲ့ ဖြည့်ပေးခဲ့ဖူးတယ်။

ဖေဖေဟာ ဆွေရည့်ကို ချစ်သလား။ နူးနူးညွံ့ညွံ့နဲ့ သိမ်းရယ်၊ အဖေရယ်လို့ မဆက်ဆံတတ်ပေမယ့် ဖေဖေဟာ ဆွေရည့်ကို ရုပ်ဝတ္ထုအရ ဘာမဆို ဖြည့်ဆည်းပေးထားတာပဲ။ ဆွေရည်တို့ ရွယ်တူတန်းတူတွေထက် သာလွန်တဲ့ ပြည့်စုံမှုတွေ ဆွေရည့်ဆီမှာ ရှိတယ်။ လူတွေက ပြောကြတယ်။ ဆွေရည်ဟာ ဖေဖေနဲ့ သိပ်တူတယ်တဲ့။

... ... ...

\+ + +


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်တံခါးက သော့ခတ်မထားဘူး။ အိမ်ထဲ ဝင်ဝင်ချင်း မြကလေးရေလို့ အသံပြုလိုက်ပေမယ့် ထွက်လာသူက မြကလေး မဟုတ်ဘူး။ ကျောက်သားလို အေးစက်စက် မျက်နှာနဲ့ အမျိုးသမီး တစ်ယောက်။ ဆွေရည် ဘွဲ့ရတုန်းက ဖေဖေနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံလည်း ဧည့်ခန်းမှာ ချိတ်ထားတာမို့ အမျိုးသမီးဟာ ဆွေရည့်ကို မှတ်မိပုံတော့ ရပါရဲ့။ 'ဆရာ့ကိုဖုန်းဆက်လိုက်မယ်' တဲ့။ ကျောက်သားမျက်နှာနဲ့ မိန်းမကို ဆွေရည်က 'ညကျရင် ဖေဖေ ပြန်လာလိမ့်မယ်၊ အခု အလုပ်များနေမှာ မဆက်နဲ့' လို့ ပြောလိုက်တော့ ဖုန်းကို ကိုင်မယ့်လက် နောက်တွန့်သွားပြီး မဆက်တော့ဘူး။

ဆွေရည်ဟာ ပုံမှန်အားဖြင့် ဆိုရင် နူးညံ့သလို အပြုအမူတိုင်းကလည်း သိမ်မွေ့တဲ့သူပါပဲ။ ဒါပေမဲ့ တစ်ခါတလေကျရင် ဆွေရည့် လေသံနဲ့ အမူအရာတွေက အထက်စီးက အမိန့်သံမျိုး ဆန်တတ်တယ်။ ဒါ့ကြောင့် မေမေ ရှိတုန်းက ဆွေရည့်ကို ဖအေတူသမီးလို့ ခေါ်တာ။ 'မြကလေးရော' လို့ မေးလိုက်တော့ အခန်းတံခါးကို ဖွင့်ပေးတယ်။ မြကလေးနဲ့ အတူရှိနေချိန် ဒီမိန်းမကို မရှိစေချင်လို့ ဆွေရည့်အိပ်ခန်း



mgyoe.com

mgyoe.com
SAMPLE BOOK


ကို သွားရှင်းပေးဖို့ ခိုင်းလိုက်တယ်။ သူ ကျေနပ်သလား၊ မကျေနပ်သလား ဆိုတာကို သူ့မျက်နှာမှာ ဘာအရိပ်အကဲမှ ဖမ်းယူကြည့်လို့မရပါဘူး။

အခန်းထဲက ခုတင်ပေါ်မှာ မြကလေးဟာ ဆေးပိုက် တန်းလန်းနဲ့ ပက်လက်ကလေး ငြိမ်သက်နေတယ်။ မြကလေးကို ဖေဖေ ဘာလုပ်ထားပြန်တာလဲ။

... ... ...

+ + +


mgyoe.com

mgyoe.com SAMPLE BOOK

မပြောမဆိုနဲ့ အိမ်ပြန်ရောက်လာတဲ့ ဆွေရည့်ကို ဖေဖေက စာကြည့်ခန်းထဲ ခေါ်ပြီး စကားပြောတယ်။ ဖေဖေက ဆွေရည့်ကို ပြောတယ်...။ *အခုတလော ဆွေရည်ဟာ ဖေဖေနဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်တာတွေ များလာသလိုပဲ* တဲ့။

ဆွေရည်ဟာ ဖေဖေနဲ့ အရင်တုန်းကရော စိတ်သဘောချင်း တိုက်ဆိုင်ခဲ့လို့လား ဆိုတာ ဆွေရည် မသိဘူး။ ဆွေရည့်အနေနဲ့ ဘာအင်အားမှ မရှိတဲ့အတွက် နာခံခဲ့တာပဲ ရှိတာ။

*မနက်ဖြန်ညကျ ဆွေရည် ပြန်မယ်* လို့ ပြောတော့ ဖေဖေက *သဘက်ခါမနက်ကျ လေယာဉ်လက်မှတ် စီစဉ်ပေးမယ်၊ မနက်ဖြန် ကို မြကလေးနဲ့ အချိန်ဖြုန်းလိုက်ပါဦး*တဲ့။

မြကလေးရဲ့ ကျန်းမာရေးကို မေးတော့ မြကလေးက ဒီရက်ထဲ စိတ်နည်းနည်း ပြန်ဖောက်နေလို့ ဆေးတိုက်ထားရပြီး ကိုယ်ခန္ဓာကျန်းမာရေးအတွက် အားဆေး သွင်းထားရုံပါလို့ ပြောတယ်။ ကျောက်သား မျက်နှာနဲ့ မိန်းမက အိမ်မှာ ညမအိပ်ဘူး။ ဖေဖေ ပြန်လာပြီးတာနဲ့ သူ့ကို ဦးကဆစ်သီးက ပြန်လိုက်ပို့တယ်။ ဖေဖေ မရှိတဲ့ အချိန်ပဲ မြ



mgyoe.com

mgyoe.com SAMPLE BOOK


ကလေး အနားမှာ နေဖို့ သူ့ကို ထားတာ ဖြစ်လိမ့်မယ်...။ ဒီလိုဆိုတော့ ဖေဖေဟာ ထုတ်မပြောပြပေမယ့် သားသမီးအတွက် အရာရာကို စနစ်တကျနဲ့ အလစ်အဟာ မရှိအောင် စီမံခန့်ခွဲပေးတတ်သူ ဖြစ်နေပြန်ပါတယ်။

ဆွေရည်တို့ မိသားစုအတွက် စိတ္တဇလူသတ်သမားလို့ လက်ခံထားကြတဲ့ အန်ကယ် ထားခဲ့တဲ့ ဘာမဟုတ်တဲ့ လျှို့ဝှက်သည်းဖို ဆန်ဆန် ဓာတ်ပုံတစ်ခုအတွက် ဆွေရည့်ဘာသာ တစ်ယောက်တည်းပဲ ဖေဖေ့ကို သံသယတွေ ပွားနေခဲ့တာလား။

*ဖေဖေ့မှာ ညီအစ်ကို ရှိသလား* လို့ ဖေဖေ့ကို ဆွေရည် မေးလိုက်သင့်သလား...။ ဖေဖေနဲ့ ဆွေရည့်ကြားမှာ လျှို့ဝှက်ချက်တွေ မထားသင့်ကြတော့ဘူး မဟုတ်လား။ စကားပြောဖို့ ဖေဖေလို့ ခေါ်လိုက်ပေမယ့် ဖေဖေက ဆွေရည် ခေါ်တာကို မကြားပါဘူး။ ကိုကိုလို့ ခေါ်ပြီး ဖေဖေ့လက်မောင်းတွေကို ချိတ်တွယ်နွဲ့မှီလိုက်တဲ့ မြကလေးကို ဖေဖေက ပြုံးပြီး ငေးကြည့်နေခဲ့တယ်။

မြကလေးဟာ တီတီ ဝတ်သလိုမျိုး ထိုင်မသိမ်းဝတ်စုံကို ဝတ်ထားခဲ့ပြန်ပါပြီ...။

... ... ...

+ + +


mgyoe.com

mgyoe.com SAMPLE BOOK

မြကလေးဟာ ဆယ့်လေးနှစ်သမီး ဆိုတော့ အပျိုကြီးဖားဖား ဖြစ်နေပြီ။ မြကလေးရဲ့ လည်တိုင်မှာ တီတို့ရဲ့ မြဘယက်၊ လက်သူကြွယ်မှာမြလက်စွပ်နဲ့...။ပြီးတော့မြကလေးဟာတီတီဝတ်ဆင်နေကျအတိုင်း မြန်မာရင်ဖုံး အင်္ကျီနဲ့၊ ထဘီနဲ့။ ခါးအထိ ရှည်လျားပျော့ပြောင်းတဲ့ ဆံပင်နက်နက်တွေက မြကလေးရဲ့ မျက်နှာနုနုကလေးကို ဝန်းရံထားတယ်။ နှုတ်ခမ်းဖူးဖူး၊ မျက်တောင်ကော့ကော့၊ လည်တိုင်ကျော့ကျော့နဲ့ မြကလေးဟာ တီတို့လောက် ခန္ဓာကိုယ် မဖွံ့ဖြိုးသေးပေမယ့် တီတီနဲ့ တကယ့်ကို တစ်ရုပ်တည်း...။

ဖေဖေက ဆွေရည့်ကို *မြရဲ့ တူမ ရည်ရည်လေ* လို့ မိတ်ဆက်ပေးတော့ မြကလေးဟာ တအံ့တသြနဲ့။ မြကလေးဟာ ဆွေရည့်ကို ဖက်ယမ်းမွှေးကြူလို့ 'ဘာစားချင်လဲ ရည်ရည်၊ တီတီ ချက်ကျွေးမယ်' တဲ့လေ။ ဆွေရည်ဟာ မြကလေးကို ဒီလိုကြီး မြင်ရတာ အသားမကျဘူး၊ စိတ်ထဲမှာလည်း အဆင်မပြေဘူး။ ဒါပေမဲ့ မြေအောက်ခန်းထဲမှာ ခြောက်နှစ်ကျော်အောင် အချုပ်အနှောင် ခံထားရပြီး မသေကောင်း မပျောက်ကောင်း ပြန်တွေ့ရတာကိုပဲ ဝမ်းသာရမယ် မဟုတ်လား။



mgyoe.com

mgyoe.com


မြကလေးကို တွေ့ချင်လို့ ဆိုပြီး ပြန်လာခဲ့တဲ့ ဆွေရည်ဟာ တစ်ချိန်လုံး ရည်ရည်၊ ရည်ရည်နဲ့ ခေါ်ပြီး စကားတွေ ပြောနေတဲ့ မြကလေးကို ကြည့်ရင်း ဝမ်းနည်းလာတဲ့ စိတ်အစဉ်ကိုပဲ ချုပ်ထိန်း မြိုချနေခဲ့ရတယ်။ အချိန်တွေ အကြာကြီးလည်း အတူမ ရှိပေးနိုင်တော့ဘဲ ဆွေရည့်ကိုယ်ပိုင် အခန်းကလေးထဲကိုပဲ ဝင်အောင်းနေခဲ့ဖြစ်တယ်။ ဆွေရည့်စိတ်တွေဟာ သိပ်ကို ရှုပ်ထွေးမွန်းကျပ်နေတယ်။ ဒါတွေဟာ ဆွေရည် တစ်ယောက်တည်းပဲ ဖြစ်နေတာလား။ မြကလေးကို ကြည့်တော့လည်း မြကလေးဟာ ဆေးသောက်ပြီး မှိန်းနေတဲ့ အချိန်တွေက လွဲရင် သာမန်လူကောင်း တစ်ယောက်လိုပဲ။ အခုလည်း ကျောက်သား မျက်နှာနဲ့ မိန်းမကြီးရယ်၊ ဦးကဆစ်သီးရယ်နဲ့အတူ ခြံထဲဆင်းပြီး ပန်းတွေ ခူးနေတာကို ဆွေရည် ပြတင်းပေါက်ကနေ လှမ်းတွေ့ရတယ်။ ဒီအိမ်ထဲမှာ ဆွေရည် တစ်ယောက်တည်းကပဲ အတွေးတွေ သိပ်များပြီး စည်းအပြင်ဘက်ကို ရောက်နေခဲ့တာများလား။ ဆွေရည်ရော စိတ်ရောဂါကုဆရာဝန်နဲ့ ပြန်ပြဖို့ လိုအပ်နေပြီလား။

မိသားစု ညစာစား၊ ဆေးသောက်ပြီး မြကလေး အိပ်ပျော်သွားတဲ့နောက်မှာ ဖေဖေဟာ နောက်တစ်နေ့ ပြန်မယ့် ဆွေရည့်ကို သူ့စာဖတ်ခန်းထဲကို ခေါ်ပြီး ဘဏ်စာအုပ်တစ်အုပ် ပေးတယ်။ ဆွေရည်တို့ မိသားစုအိမ်ဟောင်းကို ရောင်းလိုက်ပြီမို့ ဒီပိုက်ဆံတွေကို ဆွေရည် သိမ်းထားပါတဲ့။ ပြီးတော့ ဆွေရည် ဝတ်ဖို့အတွက် ဆိုပြီး ပုံစံလှလှကလေး ခတ်ထားတဲ့ မိုးကုတ်ပတ္တမြား တစ်ဝတ်စာကို ထုတ်ပေးတယ်။ ပြီးတော့ ဖေဖေဟာ သမီးတစ်ယောက်ကို အသိစိတ်ရော ကိုယ်ပိုင်ဘဝပါ ဆုံးရှုံးရပြီမို့လို့ ဆွေရည့်ကိုတော့ အများကြီး ဖြစ်ထွန်းစေချင်တဲ့ အကြောင်းကို ပြောတယ်။

မြကလေးဟာ လူတစ်ကိုယ်ထဲကနေ စိတ်ထားအမျိုးမျိုး၊


mgyoe.com

SAMPLE BOOK

ကိုယ်ရည်ကိုယ်သွေး အမျိုးမျိုး ကွဲထွက်သွားတဲ့ Dissociative identity disorder (DID) လို့ ခေါ်တဲ့ စိတ်ဝေဒနာကို ခံစားနေရတဲ့သူတဲ့။ ဒါကြောင့်မို့ သူ့စိတ်တွေဟာ အချိန်နဲ့အမျှ တစ်ယောက်ပြီး တစ်ယောက်အဖြစ် ပြောင်းလဲနေတတ်တယ်လို့ ဖေဖေက ဆွေရည့်ကို ရှင်းပြတယ်။ ဒီရောဂါကို ကုသဖို့ဆိုရင် မြကလေးဟာ သူ့ရဲ့ မူရင်းစိတ်အခြေခံဖြစ်တဲ့ မြသားလဲ့လဲ့ ဆိုတာကို ပြန်ပြီး ရှာတွေ့နိုင်မှ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ မြကလေးဆီမှာ မြသားလဲ့လဲ့ရဲ့ အစိတ်အပိုင်းဟာ တစ်စွန်းတစ်စမှတောင် ပေါ်ထွက်မလာတော့ဘဲနဲ့ တခြားသော ဗဟုစိတ်ကွဲတွေကသာ အားကောင်း ဖွံ့ဖြိုးလာခဲ့ပါတယ်။ မြကလေးဟာ မြသားလဲ့လဲ့ကို သေလူလို့ သတ်မှတ်လိုက်ပုံ ရတယ်လို့ ဖေဖေက ထပ်ပြီး ရှင်းပြခဲ့တယ်။

ကျောင်းပြီးလို့ ဆွေရည် ပြန်လာတဲ့အခါ မြကလေးကို ဆွေရည်က တစ်လှည့် စောင့်ရှောက်ပါ့မယ်လို့ ဆိုတော့ ဖေဖေက ကျောင်းပြီးလို့ ဆွေရည် ပြန်လာရင် မိသားစုစီးပွားရေးကို ဆွေရည်က ဦးဆောင်ရမယ်၊ ဖေဖေနဲ့ မြကလေးကတော့ တောင်ပေါ်မြို့ကလေး တစ်ခုမှာ နေကြမယ်၊ ဆွေရည် အားရင်တော့ အိမ်ပြန်လာပေါ့တဲ့။ ဖေဖေက မြကလေးကို ဒီနေရာမှာထက် တခြားဘယ်သူနဲ့မှ မသိတဲ့ မြို့မှာပဲ ရှင်သန်စေချင်တဲ့ အကြောင်းကို ပြောပြပြန်တယ်။ ဆွေရည်က ဖေဖေ့ကို နောက်အိမ်ထောင်ပြုချင်စိတ် မရှိဘူးလားလို့ မေးတော့ ဖေဖေ့မှာ မြကလေး ရှိနေတာ နောက်အိမ်ထောင် ထပ်ပြုစရာ အကြောင်း မရှိတော့ဘူးလို့ ပြောတယ်။

ဆွေရည်ဟာ ဟိုအာမခံသေတ္တာကိစ္စကို ပြောရမလား၊ မပြောရဘူးလား ဆိုတာကို အခုချိန်ထိ မဆုံးဖြတ်နိုင်ဘူး ဖြစ်နေတယ်။ ဆွေရည့်လက်ထဲမှာ ဆုပ်ကိုင်လာတဲ့ ရွှေသော့ကလေးကြောင့်


mgyoe.com